# ကိုဗဟိန်း မှသည် ကျော်ကိုကို အထိ ...

အောင်ဝေး (ခေတ္တ ပုန်းခိုကျင်း တနေရာ)



ဗိုလ်ချုပ်အောင်ဆန်း မှသည် ဒေါ်အောင်ဆန်းစုကြည် အထိ
၁၃၀၀ပြည့် အရေးတော်ပုံ မှသည် ၂၀၀၇ (သြဂုတ်- စက်တင်ဘာ) ရွှေဝါရောင် အရေးတော်ပုံ အထိ

၁၉၃၈- အလုပ်သမား၊ လယ်သမား၊ ကျောင်းသား ပေါင်းစည်းမှု မှသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး
၁၉၄၅- မတ်လတော်လှန်ရေး မှသည် ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး
၁၉၆၂- ဇူလိုင် (၇)ရက် (ဆဲဗင်း ဂျူလိုင်) မှသည် တော်လှန်ရေးကောင်စီ စစ်အစိုးရ ပြုတ်ကျရေး
၁၉၆၃- ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ မှသည် တော်လှန်ရေးကောင်စီ စစ်အစိုးရ ပြုတ်ကျရေး
၁၉၇၄- ဇွန် (၆)ရက် အလုပ်သမား အရေးအခင်း မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး
၁၉၇၄- ဒီဇင်ဘာ၊ ဦးသန့်အရေးအခင်း မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး
၁၉၇၅- ဇွန်၊ ရွှေတိဂုံ အထွေထွေသပိတ် မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး
၁၉၇၆- မှိုင်းရာပြည့် မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး
၁၉၈၈- ရှစ်လေးလုံး လူထုအုံကြွမှု မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၈၈- စက်တင်ဘာ (၁၈)၊ စစ်တပ် အာဏာသိမ်းခံရခြင်း မှသည် နဝတ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၈၉- ဇူလိုင်၊ ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းခံရခြင်း မှသည် နဝတ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၉၀- အန်အယ်လ်ဒီ ရွေးကောက်ပွဲ အနိုင်ရခြင်း မှသည် နဝတ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၉၅- ဇူလိုင်၊ ဒေါ်အောင်ဆန်းစုကြည် ပြန်လည် လွတ်မြောက်ခြင်း မှသည် နဝတ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၉၆- ကျောင်းသားအရေးအခင်း မှသည် နဝတ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၂၀၀၃- မေ(၃၀)၊ ဒေါ်အောင်ဆန်းစုကြည် ဒီပဲယင်း လုပ်ကြံခံရမှု မှသည် နအဖ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၂၀၀၆- ၈၈ မျိုးဆက်ကျောင်းသားများ၏ အဖြူရောင် လှုပ်ရှားမှု မှသည် နအဖ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး၊ အမျိုးသား ပြန်လည် သင့်မြတ်ရေး
၂၀၀၇- သြဂုတ်- စက်တင်ဘာ၊ သံဃာ၊ ကျောင်းသား၊ ပြည်သူ ရွှေဝါရောင် သွေးစည်းမှု၊ အဝါရောင်သွေး တော်လှန်ရေး မှသည် နအဖ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး၊ အမျိုးသား ပြန်လည် သင့်မြတ်ရေး

လွတ်လပ်ရေး ...
ဒီမိုကရေစီရေး ...
ငြိမ်းချမ်းရေး ...
တရားမျှတရေး ...
လူ့အခွင့်အရေး ...
ညီညွတ်ရေး ...
အရေးတော်ပုံပေါင်း
ထောင်သောင်းမက
မြောက်မြားလှစွာ
သမိုင်းစာမျက်နှာမှာ
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်
"ဗကသ" ဆိုတာ
All Burma Federation of Student Unions
"ABFSU" ဆိုတာ
ရာဇဝင် ပြောင်မြောက်
မကြောက် သတ္တိ
နီဘိရဲရဲ
ခွပ်ဒေါင်း အသည်းနဲ့
ဖိနှိပ်သူ မှန်သမျှ
စစ်အာဏာရှင် မှန်သမျှ
အမြဲတော်လှန် ဖြုတ်ချတဲ့
အာဂ အင်အားစု ကျောင်းသားထုရဲ့
တိုင်းပြုပြည်ပြု
ဦးဆောင်မှု အလံတော်ပဲ။

ဒီအလံတော်ကို
မြစ်ရေပေါ်မှာ
ကျဆုံးသူများရဲ့ အုတ်ဂူပေါ်မှာ
လူထုရဲ့ ရင်ပြင်တော်မှာ
ပြည်သူ့တပ်ဦးမှာ
မြူးမြူးကြွားကြွား
ငွားငွားစွင့်စွင့်
ဒေါ့ထက်ပိုပြီး ရဲရဲရင့်ရင့်
မြင့်မြင့်မားမား လွှင့်ထူကြရမယ်။

"မြင်းခွာ တချက်ပေါက်ရင်
ဗမာတပြည်လုံး
မီးဟုန်းဟုန်း တောက်စေရမယ်" ဆိုတဲ့
ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း မှသည် ...

"ဒီမိုကရေစီ အရေးတော်ပုံကြီးအတွက်

အရိုးတွေ တောင်လိုပုံမှ ရမယ်ဆိုရင်
ကျနော်တို့ ကျောင်းသားတွေရဲ့ အရိုးက
ဟိုး အောက်ဆုံးမှာ ရှိနေပါလိမ့်မယ်” ဆိုတဲ့
ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် မှသည် ...

၂၀၀၈ ငါတို့ခေတ်နှင့် အပြိုင်
ရင်ဆိုင် ချီတက်
မျိုးဆက်သစ် အရေးတော်ပုံ
ရွှေတိဂုံ သပိတ်စခန်း မှသည်
နေပြည်တော် သိမ်းပိုက်ရေးအထိ
သွေးမော်ကွန်းပေဟာင်း၊ လမ်းသစ်ကြောင်းမှာ
ခွပ်ဒေါင်း အလံတော်၊ တိုက်ပွဲခေါ်
(ဒါဟာ ...)
ကျော်ကိုကိုတို့ခေတ်ရဲ့
ဗကသ အောင်ပွဲဖြစ်တယ်။

ဒါဟာ ...
ကျော်ကိုကိုတို့ခေတ်ရဲ့
“ဗကသ”
မဟာ အောင်ပွဲ ဖြစ်တယ်။ ။

အောင်ဝေး (ခေတ္တ ပုန်းခိုကျင်း တနေရာ)
(၁၄-၁၀-၀၇)

*(မျိုးဆက်သစ် ဗကသ ကျောင်းသားခေါင်းဆောင် ရာဟု(ခ)ကျော်ကိုကို အဖမ်းမခံရဘဲ ထွက်ပြေးလွတ်မြောက်သွားသည့် သတင်းကို ကြားရပြီးနောက် ဤကဗျာကို ရေးပါသည်)*